mgyoe.com

SAMPLE BOOK

ဒုတိယအကြိမ်

mgyoe.com

mgyoe.com
SAMPLE BOOK

သိဖို့ ကြိုးစားစရာဆိုရင်
ကိုယ့် Level ဘယ်မှာရှိနေလဲ
ဆိုတာကို ကိုယ် မသိနိုင်သလို
သူများတွေရဲ့ Level ရောက်နိုင်အောင်လည်း
ကြိုးစားဖို့ မဖြစ်နိုင်ဘူး။
သူများရဲ့ အောင်မြင်မှု၊ ကြိုးစားမှုကိုလည်း
မြင်နိုင်မှာ မဟုတ်ဘူး။

စံ၊ ဈေးနှုန်း-၃၅၀၀ ကျပ်
2 542979 031022

COVERDESIGN: NAYMYOSAY

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသည့်အကြိမ် | - | ဒုတိယအကြိမ်၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ။<br>ပထမအကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊<br>ဒီဇင်ဘာလ။ |
| ထုတ်ဝေသူ | - | တောင်ဇလပ်နီ စာပေတိုက် (၀၂၇၇၄)<br>အမှတ် ၃၉/၆၀၁၊ ပထမထပ်၊<br>ရန်ပြေ ၁၂လမ်း၊ သာကေတမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)<br>ဦးအောင်ဇော်ထွန်း၊ အမှတ် (၈)၊<br>အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပန်းချီ | - | နေမျိုးဆေး |
| အတွင်းအပြင်အဆင် | - | ပုံရိပ်ရှင် |
| စာအုပ်ချုပ် | - | ဖူးပွင့်မွေး |
| အုပ်ရေ | - | ၃၀၀၀ |
| တန်ဖိုး | - | ၃၅၀၀ ကျပ် |

၈၀၈.၈၄

ဇော်ခီ

စံ၊ ဇော်ခီ၊ - ရန်ကုန်။
ဇလပ်နီစာပေတိုက်၊ ၂၀၂၂။
စာ-၁၂၄၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) စံ


mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း



ဇော်ဒီသည် မန္တလေးဇာတိ ဖြစ်ပြီး ၁၉၉၆ ခုနှစ် (၁၅) နှစ် အရွယ်၌ U.S.A သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ပါသည်။

City College of New York ၌ (၂) နှစ်ကြာ ဂီတပညာရပ်များကို လေ့လာခဲ့ပြီးနောက် (Institute of Audio Research (IAR), NY) ကျောင်းသို့ပြောင်း၍ Audio Engineering သက်သက်ကိုသာ လေ့လာပြီး Post Production Sound ကို အထူးပြုသင်ကြား တတ်မြောက်ခဲ့ပါသည်။ ထို့နောက် ရုပ်ရှင်ဒါရိုက်တာပညာ ဆည်းပူးသူ ဇနီးဖြစ်သူနှင့် ပူးပေါင်းကာ Film Scoring (ရုပ်ရှင်နောက်ခံဂီတ) များနှင့် Sound Design (ရုပ်ရှင်အသံပိုင်းဆိုင်ရာ ဖန်တီးမွမ်းမံမှု) များကို လုပ်ဆောင်ရင်း သရုပ်ဆောင်အလုပ်ကိုပါ စတင်လုပ်ကိုင်ခဲ့ပါသည်။

၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်း၌ အနုပညာလုပ်ငန်းများကို ဖောက်ချလုပ်ကိုင်ရန် မြန်မာနိုင်ငံသို့ လင်မယား နှစ်ယောက်စလုံး ပြန်လည်ပြောင်းရွှေ့ခဲ့ပါသည်။

၂၀၁၀ ခုနှစ်၌ ပထမဦးဆုံး အနုပညာခြေလှမ်းအနေဖြင့် 'ပျောက်ဆုံးနေတဲ့ကမ္ဘာ' (The Lost World) Title ဖြင့် ကိုယ်ပိုင်သံစဉ်တေးစီးရီးကို ထုတ်လုပ်ခဲ့သည်။ ၂၀၁၈ ခုနှစ်၌ 'ဥပါယ်တံမျဉ်' (Deception) ဇာတ်ကားအား ပွဲဦးထွက် ရုံတင်ပြသခွင့်ရှိသော

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်ကားအဖြစ် ပရိသတ်ရှေ့ ပြသခွင့်ရရှိခဲ့ပြီး အောင်မြင်မှု စတင် ရရှိခဲ့ပါသည်။

၂၀၁၄ ခုနှစ်တွင် ရိုက်ကူးထားသော 'မုဒြာရဲ့ခေါ်သံ' (Mudras Calling) ဇာတ်ကားသည် ၂၀၁၈ ခုနှစ်တွင်ပင် ပြသခွင့်ရရှိခဲ့ပြီး ပရိသတ် အထူးကြိုက်နှစ်သက်သော ဇာတ်ကားတစ်ကား ဖြစ်ခဲ့သည်။

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် 'ကိုယ်တိုင်သိရှိသွားမှု' စာအုပ်ကို ပထမဦးဆုံးအနေဖြင့် 'ဇလပ်နီ'စာပေမှ ထုတ်ဝေ ဖြန့်ချိခဲ့ပြီး ယခုလက်ရှိအချိန်၌ သတ္တမအကြိမ်ထိ ထုတ်လုပ်ဖြန့်ချိထားပြီး ဖြစ်ပါ သည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ၌ 'ထာဝရနှောင်ကြိုး' (Now & Ever) ရုပ်ရှင်ကို တတိယမြောက်ဇာတ်ကားအနေနှင့် ပြသနိုင်ခဲ့ပြီး ၂၀၁၉ box office ဝင်ငွေစံချိန် ချိုးသော ဇာတ်ကားတစ်ကား ဖြစ်လာ ခဲ့သည်။ ရုပ်ရှင်နှင့်အတူ Original Sound Track အယ်လ်ဘမ်ကိုပါ ထုတ်လုပ်ခဲ့ပြီး ထိုအခွေအတွက် The Best Selling Music Album Award ကို City FM မှ ချီးမြှင့်ခဲ့ပါသည်။

အထက်ပါ ရုပ်ရှင်သုံးကားစလုံးတွင် Film Scoring နှင့် အမိကသရုပ်ဆောင်နေရာတို့၌ ပါဝင်ခဲ့ပြီး 'ဥပါယ်တံမျဉ်' နှင့် 'ထာဝရ နှောင်ကြိုး' ဇာတ်ကားတို့၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းတို့ကိုလည်း ရေးသား ဖန်တီးခဲ့ပါသည်။

❖



mgyoe.com


mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | အနုပညာ ဆိုသည်မှာ အဘယ်နည်း | ၆ |
| ၂။ | 'စံ' လိုပါတယ် | ၁၄ |
| ၃။ | 'စံ' ဆိုတာ | ၁၈ |
| ၄။ | Believability (ယုံကြည်စရာကောင်းမှု) | ၂၂ |
| ၅။ | Universal appeal နှင့် International ကို မိအောင်လိုက်ခြင်း | ၃၀ |
| ၆။ | Oscar အကြောင်း တစေ့တစောင်း | ၃၆ |
| ၇။ | နိုးချတာ ရှက်စရာ | ၄၂ |
| ၈။ | လိုအပ်နေတဲ့ အနုပညာပတ်ဝန်းကျင် | ၄၈ |
| ၉။ | Actors And The Art of Picking Projects (သရုပ်ဆောင်များနှင့် အလုပ်ရွေးခြင်း အနုပညာ) | ၅၄ |
| ၁၀။ | အောင်မြင်မှုကို ဘာပေတံနဲ့ တိုင်းသလဲ | ၆၀ |
| ၁၁။ | ခေါင်းမာခြင်း | ၆၈ |
| ၁၂။ | Sex Education | ၇၄ |
| ၁၃။ | ဂုဏ်သိက္ခာ | ၈၆ |
| ၁၄။ | စိတ် | ၉၀ |
| ၁၅။ | လူနဲ့ တိရစ္ဆာန် | ၁၀၀ |
| ၁၆။ | Self-image (ကိုယ့်ကိုယ်ကိုယ် မြင်တဲ့အမြင်) | ၁၀၈ |
| ၁၇။ | Self-image -2 (ကိုယ့်ကိုယ်ကိုယ် မြင်တဲ့အမြင်-၂ ) | ၁၁၆ |


mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# အနုပညာ ဆိုသည်မှာ အဘယ်နည်း

စာပေဟောပြောပွဲ တစ်ပွဲမှာ ဆရာကြီးဦးဝင်းဖေ (ဒါရိုက်တာ၊ ပန်းချီဆရာ၊ စာရေးဆရာ) ကတော့ ဒီလို ဖြေသွားပါတယ်။

"အနုပညာဆိုတာ ရင်ထဲမှာရှိတဲ့ ခံစားချက်ကို ဖော်ပြတာကို (express လုပ်တာကို) ခေါ်တာပါ။ အနုပညာဆိုလို့ နူးညံ့တဲ့အရာတွေကိုပဲ ခေါ်တာမဟုတ်ဘဲ ခက်ထန်ကြမ်းတမ်းနိုင်တယ်၊ စက်ဆုပ်ရွံရှာစေနိုင်တယ်၊ ဒေါသဖြစ်စေနိုင်တယ်၊ မျှော်လင့်ချက်တွေ ပေးစေနိုင်တယ် စသည်ဖြင့် ဘောင်ခတ်ထားခြင်း မရှိပါဘူး"

ကျွန်တော် ဒီအဖြေကို ကြားပြီးတဲ့ နောက်မှာ အမှန်ကို မြင်တတ်သွားပါတယ်။ သုဂတောဂုဏ်မြောက်လို့ ဆရာကြီးရဲ့ကျေးဇူး ကြီးပါတယ်။ ကိုယ်တိုင်လည်း အများကြီး ချဲ့တွေးဖြစ်တယ်။



mgyoe.com

အနုပညာဆိုတာ ခံစားမှုကို express လုပ်ခြင်း ဖြစ်တဲ့အတွက် နည်းအမျိုးမျိုးနဲ့ ဖော်ပြနိုင်ပါတယ်။

စာရွက်နဲ့ဘောပင် သုံးပြီး ကဗျာတွေကနေ တစ်ဆင့် ဖော်ပြမလား၊ ဆေးရောင်စုံတွေနဲ့ brush ကို သုံးပြီး ပိတ်ကားပေါ်မှာ ပန်းချီဆွဲမလား၊ မီးသွေးနဲ့ ဆွဲမလား၊ ခဲနဲ့ ဆွဲမလား၊ Camera နဲ့ Lens တွေသုံးပြီး ဓာတ်ပုံတွေကနေ တစ်ဆင့် ဖော်ပြမလား၊ တူနဲ့ဆောက် သုံးပြီး ပန်းပုထုမလား၊ ခန္ဓာကိုယ်ကို အသုံးချပြီး ဆိုမလား၊ ကမလား၊ သရုပ်ဆောင်မလား။

နည်းအမျိုးမျိုးနဲ့ express လုပ်နိုင်ပါတယ်။ ဒီနည်းတွေဆိုတာ တကယ်တော့ Tools (တန်ဆာပလာ) တွေပါ။ အဲဒါတွေက အခရာမကျပါဘူး။ အနုပညာမှာ အဓိကအကျဆုံး သတ္တဝါတွေ Oxygen လိုသလိုမျိုး လိုတဲ့အရာကတော့ ရင်ထဲက ခံစားချက်ပါ။ ကိုယ့်ရင်ထဲမှာတောင် တကယ် မရှိဘဲနဲ့ လုပ်တဲ့ အနုပညာကို ကြည့်ရှုခံစားသူက ဘယ်လိုနည်းနဲ့မှ မရယူနိုင်ပါဘူး။

အနုပညာသမားတစ်ယောက်ဖြစ်ဖို့ပရိသတ် မလိုပါဘူး။ ဒါပေမယ့် Profession (ဝမ်းရေး) တစ်ခုအနေနဲ့ လုပ်တော့မယ် ဆိုရင်တော့ ပရိသတ် လိုလာတယ်။ ကိုယ့်အလုပ်ကို လူတွေ ကြိုက်မှ၊ ဝယ်မှ၊ ကြည့်မှ ဝင်ငွေ ရှိမှာကိုး။ ဒီနေရာမှာ အနုပညာပေါ်မှာထားတဲ့ ခံယူချက်တွေ စကွဲပါတယ်။ (ခံယူချက်ရှိရကောင်းမှန်းကို မသိတဲ့သူတွေလည်း အများကြီး ရှိပါတယ်။) အနုပညာအစစ်ဟာ ရင်ထဲက ပေါက်ဖွားတဲ့အရာ။ ဒါပေမယ့် ပရိသတ်က အဲဒါကို အဆင်သင့် လက်ခံနိုင်ပါ့မလား၊ ကြိုက်ပါ့မလား။

ကိုယ့်ရင်ထဲက လာတဲ့အရာဆိုတော့ အသစ်အဆန်းကြီး ဖြစ်နေမှာလေ...။ ပရိသတ် မကြိုက်ရင် ထမင်းငတ်သွားနိုင်တယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ထမင်းမငတ်ချင်ရင် တခြားအလုပ် ပြောင်းလုပ်မလား၊ ပရိသတ်အကြိုက်ကိုပဲ လိုက်မလား ဆိုတဲ့ ရွေးချယ်မှုကြီး ရှိလာပါတယ်။

ရင်ထဲကဟာကိုပဲ ချပြမယ်ဆိုရင် အနုပညာသမား အစစ်၊ ပရိသတ်အကြိုက်ပဲ လိုက်မယ်ဆိုရင် ဖျော်ဖြေရေးသမား။

ရင်ထဲက ပေါက်ဖွားလာတာကို ပရိသတ်ကြိုက်အောင် လုပ်ပြနိုင်ရင်တော့ ဆရာကြီးပေါ့။ အဲဒါကတော့ မဖော်ပြနိုင်လောက်အောင် ခက်ခဲပါတယ်။

ပရိသတ်အကြိုက် လိုက်စရာ မလိုဘူးလို့ မဆိုလိုပါဘူး၊ ဒါပေမယ့် ပရိသတ်အကြိုက်ကိုချည်းပဲ လိုက်နေမယ် ဆိုရင်တော့ အနုပညာလောက မတိုးတက်နိုင်ပါဘူး။ ရေသေ ဖြစ်သွားပါလိမ့်မယ်။

အနုပညာသမားလို့ ကိုယ့်ကိုယ်ကိုယ် ခံယူတယ်၊ ကြွေးကြော်တယ် ဆိုရင်တော့ သတ္တိရှိရပါလိမ့်မယ်။ ပရိသတ်ကို ဦးဆောင်ရပါလိမ့်မယ်။ ဖျော်ဖြေရေးသမားတွေ (ဥပမာ- ပရိသတ်က ဒီဆံပင်ပုံလေး ကြိုက်တယ်ဆိုရင် ဆံပင်ပုံ လုံးဝ မပြောင်းတဲ့ သူတွေ၊ Six-pack မြင်ချင်တယ်ဆိုရင် Six-pack ထွက်အောင် လုပ်ပြတဲ့သူတွေ၊ ပရိသတ်ကြီးအတွက်ပါလို့ ပြောပြီး အနု



mgyoe.com

mgyoe.com

ပညာကို အလေးမထားဘဲ ငွေနောက် လိုက်နေတဲ့သူတွေ စသည် ဖြင့်ပေါ့လေ)၊ သူတို့တွေကိုတော့ မပြောတော့ပါဘူး။ ဒါပေမယ့် ကွဲကွဲပြားပြား သိစေချင်တယ်။ ဘယ်သူက အနုပညာသမားလဲ၊ ဘယ်သူက ဖျော်ဖြေရေးသမားလဲ ဆိုတာကို။ တန်ဖိုးချင်း လုံးဝမတူလို့ပါ။ ဒါကို မသိဘူး ဆိုရင်၊ ဂရုမစိုက်ဘူးဆိုရင် Facebook ပေါ်မှာ အဖော်အချွတ် လုပ်ရင်း Popular ဖြစ်လာလို့၊ Tik Tok လုပ်ပြရင်း နာမည်ကြီးလာလို့၊ Follower များလာလို့ စာစောင် ရောင်းကောင်းအောင် ခေါ်သုံးရင်း၊ ရုပ်ရှင်တွေ ခေါ်ရိုက်ခံရရင်း အနုပညာသမားလို့ သတ်မှတ်ခံရတဲ့သူတွေ ပိုများလာပါမယ်။

ပေါက်ပြီးသား သီချင်းတွေကို အဆိုပြိုင်ပွဲတွေမှာ ဆိုရင်း နာမည်ရလာလို့ အနုပညာသမားတွေလို့ ချက်ချင်း သတ်မှတ်လိုက်တာ မျိုးတွေ ပိုများလာမယ်။

Popular ဖြစ်တိုင်း၊ Follower များတိုင်း အနုပညာသမားလို့ မသတ်မှတ်သင့်ပါဘူး။ သူတို့တွေ အောင်မြင်တာ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှ မနေပါဘူး။ ဝင်ငွေရလို့ သူတို့မိသားစုတွေကို အလုပ်အကျွေး ပြုနိုင်လို့ ဝမ်းသာပေးလို့ ရပါတယ်။ ဒါပေမယ့် သူတို့တွေကို အနုပညာ သမားတွေပါလို့ လွယ်လွယ်နဲ့ ဘွဲ့တပ်ပေးလိုက်ရင် တကယ် ဒုက္ခခံပြီး ကိုယ်ပိုင် ဖန်တီးမှုတွေကို အသည်းအသန် ကြိုးစားလုပ်နေတဲ့ တကယ့် အနုပညာသမားအစစ်တွေ သိပ်နစ်နာလို့ပါ။

Entertainment Industry (ဖျော်ဖြေရေးလောက) ထဲမှာ အားလုံးက ကျင်လည်ရတာ ဖြစ်တဲ့အတွက် သာမန် ဝယ်ယူသုံးစွဲသူ (Consumers) တွေအနေနဲ့ ဘယ်သူက ဘာဆိုတာကို သိဖို့ ခက်ပါ တယ်။ အနုပညာသမားစစ်စစ်တွေကိုပဲ အားပေးကြပါလို့ မပြောလို ပါဘူး။ Consumer တွေအနေနဲ့ သူတို့ အားပေးချင်တာ ပေးပိုင်ခွင့်


mgyoe.com

mgyoe.com SAMPLE BOOK

ရှိတယ်။ သို့သော် အသိတစ်ခု ပေးချင်တာကတော့ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့ ထွက်ကုန်တွေဟာ သူတို့ရဲ့ အရည်အချင်းပဲ။

အဲဒီ ထွက်ကုန်တွေကို ကြည့်ပြီး ဆုံးဖြတ်မယ်ဆိုရင် သူတို့ရဲ့ အနုပညာ ထွက်ကုန်ကို ကြည့်ပြီး ဆုံးဖြတ်ရတာ အလွယ်ဆုံးပါ။

ကျွန်တော်တို့တွေ ပြည်တွင်းကုန်တွေထက် ပြည်ပကုန်တွေကို ပိုပြီး အထင်ကြီး လေးစားနေရတုန်းပါ။ Foreign ပစ္စည်းတွေကို ပိုပြီး တန်ဖိုးထားကြပါတယ်။ ပိုကောင်းတာကိုးဗျ...။ တခြား တိုင်းပြည်တွေ သွားလည်ရင်လည်း အဆောက်အအုံကြီးတွေ ရှေ့မှာ ဓာတ်ပုံတွေ ရိုက်ကြ၊ Shopping တွေ အပြေးအလွှား ထွက်ကြရနဲ့။

စဉ်းစားကြည့်ပါ။ အဲဒီဟာတွေ အကုန်လုံးဟာ အနုပညာသမားတွေရဲ့ စွမ်းဆောင်ချက်တွေပါ။

ကျွန်တော်တို့ ဒီမှာတော့ လူတွေက ကိုရီးယား ကြိုက်ပြီ ဆိုရင် ကိုရီးယားလိုတွေ လိုက်လုပ်ကြ၊ ထိုင်းဆို ထိုင်း၊ တရုတ်ဆို တရုတ် ကိုယ်ပိုင်ဖန်တီးမှု မရှိတော့ဘူး။ ဒါဟာ ဘာကြောင့်လဲ ဆိုတော့ အရပ်စကားနဲ့


mgyoe.com

mgyoe.com
SAMPLE BOOK


ပြောရရင် ပေါ်ပင်လိုက်လို့ပါ။ လူတွေ ဘာကြိုက်တာလဲ ဆိုတာရဲ့ နောက်ကို အလိုက် လွန်သွားပြီး ကိုယ်ပိုင် ဖန်တီးမှုအား သိပ်နည်းသွားပါတယ်။

အချုပ်ကတော့... ဟုတ်တယ်၊ အားလုံးက ဖျော်ဖြေရေး လောကထဲမှာ ရောနှောနေတယ်။ ဒါပေမယ့် သတ္တုချင်း အတူတူ သံနဲ့ရွှေကိုတော့ ကွဲကွဲပြားပြား သိစေချင်တယ်။ ကွဲကွဲပြားပြား တန်ဖိုးထားစေချင်ပါတယ်။ ဒီအခြေခံစိတ်ဓာတ်တစ်ခုပဲ ကျွန်တော်တို့ရဲ့ ထွက်ကုန်တွေကို အခုလက်ရှိ ဦးဆောင်နေတဲ့ ကမ္ဘာ့နိုင်ငံတွေရဲ့ ထွက်ကုန်တွေနဲ့ ရင်ဘောင်တန်းနိုင်ဖို့ ရောက်အောင် ပို့ပေးနိုင်မှာပါ။

ကိုယ်ပိုင်ဖန်တီးမှုကို အားပေးအားမြှောက်နည်းတဲ့ နိုင်ငံဟာ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်း နည်းသည်ထက် နည်းလာပြီး ဘယ်သောအခါမှာမှ ဦးဆောင်နိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အနုပညာသမားလို့ ခံယူသူများ၊ ကြွေးကြော်ရဲသူများ တာဝန်ကြီးတယ် ဆိုတာကို သိကြပါ။ ကိုယ်တိုင်ရအောင် ဖန်တီးကြပါလို့ တိုက်တွန်း နှိုးဆော်အပ်ပါတယ် ခင်ဗျား....။

၁.၃.၂၀၁၇

❖


mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်တို့ အနုပညာဟာ အမှားကြီး နောက်မှာ ကျန်ခဲ့ပြီ။

အဲဒါဟာ အမှန်တရား၊ အရှိတရား။

အဲဒါကို ရဲရဲစိုက်ကြည့်ရဲဖို့ လိုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# 'စံ' လိုပါတယ်

သူငယ်ချင်းတစ်ယောက် အမြဲ ပြောတယ်။

ကောင်းတယ်၊ မကောင်းဘူးဆိုတာ လူတစ်ယောက်ချင်းရဲ့ အကြိုက်နဲ့ပဲ ဆိုင်တယ်တဲ့။ Subjective ပေါ့နော်။ ကျွန်တော် လုံးဝ သဘောမတူဘူး။ 'စံ' လိုတယ်။

ဘယ်ထွက်ကုန်မဆို (အဝတ်အစား၊ စားသောက်ကုန်၊ အနုပညာကုန်… စသည်ဖြင့်) ဘယ်ဟာက ဘယ်အဆင့် ရှိတယ် ဆိုတာကို သိဖို့ အရေးကြီးတယ်။ မသိဘူး၊ သိဖို့ မကြိုးစားဘူးဆိုရင် ကိုယ့် Level ဘယ်မှာ ရှိနေလဲ ဆိုတာကို ကိုယ် မသိနိုင်သလို သူများတွေရဲ့ Level ရောက်နိုင်အောင်လည်း ကြိုးစားဖို့ မဖြစ်နိုင်ဘူး။ သူများရဲ့ အောင်မြင်မှု၊ ကြိုးစားမှုကိုလည်း မြင်နိုင်မှာ မဟုတ်ဘူး။



mgyoe.com

mgyoe.com


ဥပမာ-ကိုယ်ကိုယ်တိုင်က အစားကောင်း အသောက်ကောင်း မကြိုက်ဘဲနဲ့ စားဖိုမှူးကောင်း ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ကိုယ်ကိုယ်တိုင်က သီချင်းကောင်းတွေ မကြိုက်ဘဲနဲ့ သီချင်းရေးဆရာကောင်း မဖြစ်နိုင်ဘူး။ ကိုယ်ကိုယ်တိုင်က ရုပ်ရှင်ကောင်းတွေ မကြိုက်ဘဲ၊ မလေ့လာဘဲနဲ့ Filmmaker ကောင်း ဖြစ်မလာနိုင်ဘူး။

ဒါပေမယ့် ဘယ်ဟာက ကောင်းသလဲဆိုတာ ဘယ်လို သိနိုင်မလဲ။ လေ့လာရမယ်။ ကမ္ဘာပေါ်မှာ ဘယ်သူတွေ ဘယ်အဆင့်ရောက်နေလဲ ဆိုတာကို လေ့လာရမယ်။ ကိုယ့်ရဲ့အမြင်ကို ချဲ့ရမယ်။ အမှန်ကို ကြည့်ရဲအောင် ကြည့်ရမယ်။ မြင်နိုင်အောင်လည်း ကြိုးစားရမယ်။ အနုပညာသမား တစ်ယောက်အနေနဲ့ ပြောမယ်နော်။ ကျွန်တော်တို့ရဲ့ အနုပညာဟာ အများကြီး နောက်မှာ ကျန်ခဲ့ပြီ။ အဲဒါဟာ အမှန်တရား၊ အရှိတရား။ အဲဒါကို ရဲရဲစိုက်ကြည့်ရဲဖို့ လိုတယ်။ ဒါမှ ရှေ့သွားမယ့်လမ်းက မှန်မှာ။ ပုဂံခေတ်တုန်းကဟာတွေကို ကျောထောက်ပြီး ပစ္စုပ္ပန်ကို ခြေကန်ထားလို့ မရပါဘူး။

၆-၃-၂၀၁၇

❖


mgyoe.com


mgyoe.com SAMPLE BOOK

"စံ" ဆိုတာ သတ်မှတ်တဲ့ Standard တစ်ခုပဲ။

အဆင့်အတန်းပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# 'စံ' ဆိုတာ

မနေ့က 'စံ' လိုတယ်လို့ ရေးပြီးတဲ့ နောက်ပိုင်း ဆက်တွေး ဖြစ်တယ်။

'စံ' ဆိုတာ ဘာလဲ။ 'စံ' ဆိုတာ သတ်မှတ်တဲ့ Standard တစ်ခုပဲ။ အဆင့်အတန်းပေါ့။

ကျွန်တော်တို့ ကွင်းကွင်းကွက်ကွက် မြင်ချင်ရင် အနီးစပ်ဆုံး အာရှတိုက်ထဲကို ကြည့်မယ်ဆိုရင် ဂျပန်ရဲ့ Standard ကို လေ့လာလို့ ရတယ်။ ဂျပန်ဆိုရင် သူတို့ရဲ့ 'စံ' က တော်တော်မြင့်တယ်။ သူတို့တွေရဲ့ ကုန်ပစ္စည်းတွေ၊ အစားအသောက်တွေ၊ အနုပညာတွေဟာ ကမ္ဘာမှာ ရှိတဲ့ လူမျိုးစုတွေ အလယ်မှာ အဆင့်မြင့်မြင့် တစ်နေရာမှာ ရှိတယ်။ အကောင်းဆုံးထဲမှာလို့ ပြောလို့ရတယ်။



mgyoe.com

ကျွန်တော် အမေရိကားမှာတုန်းက ဂျပန်မိတ်ဆွေတွေ ရှိခဲ့တယ်။ အမေရိကားမှာတောင်မှ သူတို့တွေဟာ ဂျပန်ပစ္စည်းတွေပဲ တော်တော်များများ သုံးကြတယ်။ အမေရိကန် ပစ္စည်းတွေထက် ဈေးကြီးတယ်နော်။ လူမျိုးရေး ဘာညာထက် ပစ္စည်းတွေကလည်း တကယ့်ကို ပိုကောင်းတယ်။ လူမျိုးရေးလည်း ပါမှာပေ့ါလေ။ ဒါပေမယ့် မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ ရှိတယ်။ သူတို့တွေ ဘာပဲလုပ်လုပ် quality ကို အကောင်းဆုံး ဖြစ်အောင် အာရုံစူးစိုက်မှုအပြည့်၊ စေတနာ အပြည့်နဲ့ ပြီးမြောက်အောင် လုပ်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ကြားမှာ လေးစားမှု ရှိသလို 'စံ' တစ်ခုကိုလည်း မျှော်လင့်ကြတယ်။ ကျွန်တော့်အမြင်တော့ အဲဒီ စိတ်ဓာတ်နဲ့ အကျင့်တွေကပဲ ဂျပန်ကို ကမ္ဘာပေါ်မှာ အဆင့်အတန်း အမြင့်မားဆုံးနိုင်ငံတွေထဲမှာ ပါလာအောင် တွန်းပို့ပေးလိုက်တယ်လို့ ထင်တယ်။ အမြတ်ဘယ်လောက် ကျန်အောင် လုပ်မယ်တို့၊ မြန်မြန်ပြီးအောင် ဘယ်လိုလုပ်မယ်တို့လိုမျိုး စိတ်ဓာတ် တွေနဲ့တော့ သူတို့လို အဆင့်မျိုး ဘယ်လိုမှ မရောက်နိုင်ဘူး။ အဲဒါ အတုယူစရာပါ။ အဲဒါမှ အမျိုးချစ်ရာ ရောက်တယ်။ နိုင်ငံချစ်ရာ ရောက်တယ်။

We must serve each other and lift each other up.

နောက်တစ်ခုက လူမျိုးတစ်မျိုးရဲ့ ထားတဲ့ 'စံ' ကို ကြည့်ပြီး အဲဒီလူမျိုးစုရဲ့ အဆင့်အတန်း (ဉာဏ်ရည်၊ စိတ်ဓာတ်) ကို တိုက်ရိုက် မြင်နိုင်တယ်။ ဥပမာ-ကျွန်တော်တို့ဆီက ထွက်တဲ့ ခေါင်းလျှော်ရည်နဲ့ ဂျပန်က ထွက်တဲ့ ခေါင်းလျှော်ရည် နှိုင်းယှဉ်လို့ မရအောင် ကွာနေတယ်။ အစားအသောက်၊ အဝတ်အထည်၊ လျှပ်စစ်ပစ္စည်း၊ အနုပညာ ဘာမှ


mgyoe.com

mgyoe.com SAMPLE BOOK

ယှဉ်လို့ မရဘူး။ အဲဒါ ထားတဲ့ 'စံ' ချင်း ကွာနေလို့။ ဒီလိုပြောရင် စီးပွားရေးသမားတွေ ဘာပြောမလဲ ဆိုတော့ "သူတို့ရဲ့ ဈေးကွက်က ကြီးတာကိုး"၊ "နိုင်ငံရေး ငြိမ်တာကိုး" စတဲ့ ဆင်ခြေဆင်လက်တွေ ပေးလိမ့်မယ်။ အဲဒီလို အခြေအနေမျိုးကို သူတို့ ဘယ်လောက်တောင် ကြိုးစားပြီးမှ ရောက်သွားသလဲ ဆိုတာကိုတော့ လျစ်လျူရှုကြလိမ့်မယ်။ အနုပညာလောကလည်း ထိုနည်းလည်းကောင်းပဲ။

"Hollywood က Budget ကြီးပြီးတော့ သုံးတဲ့ ပစ္စည်းတွေက ကောင်းတာကိုး" ဆိုတာမျိုးတွေ ပြောလိမ့်မယ်။ အဲဒါတွေက သူတို့ကို နတ်ဘုရားတွေက ရော့... ဆိုပြီး ပေးလိုက်တာ မဟုတ်ဘူး။ သေချာ ကြည့်ကြည့်ပါ။ သူတို့လည်း ကျွန်တော်တို့လိုပဲ ခြေနှစ်ချောင်း၊ လက်နှစ် ချောင်း၊ ခေါင်းတစ်လုံးနဲ့ လူတွေပါ။ သူတို့ရဲ့ စိတ်ဓာတ်တွေကြောင့် သူတို့ အခုရောက်နေတဲ့ နေရာကို ရောက်နေကြတာပါ။

သူတို့ထားတဲ့ 'စံ' ကြောင့် သူတို့ ဒီအကျိုးတွေ ခံစားနေရတာပါ။ ကျွန်တော်လည်း ကျွန်တော်တို့လူမျိုးတွေကို 'စံ' မြင့်မြင့် ထားစေ ချင်ပါတယ်။ ကျွန်တော်တို့ လူမျိုးတွေက အစွဲအလမ်း ကြီးတယ်။ နာမည်စွဲ၊ ပုဂ္ဂိုလ်စွဲ ကြီးတယ်။ မြန်မာ့ထွက်ကုန်တွေကို ကမ္ဘာ့ထွက်ကုန် တွေနဲ့ ယှဉ်စေချင်ပါတယ်။


အမှန်ကို အမှန်အတိုင်း မြင်စေချင်ပါတယ်။ မျှော်လင့်စေချင် တယ်။ ချစ်လို့ဆိုပြီး၊ ဘာမှ လာမပြောနဲ့ဆိုပြီး တလွဲမာနနဲ့ ခေါင်းမမာ စေချင်ပါဘူး။

၇-၃-၂၀၁၇

❖


mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

# Believability
# (ယုံကြည်စရာကောင်းမှု)

ဘယ်လောက်အထိ ယုံကြည်စရာ ကောင်းသလဲ။

ရုပ်ရှင်တစ်ကားရဲ့ အဓိက အသက်ပါ။

ကြည့်ရှုခံစားသူအတွက် ဒါဟာ ရုပ်ရှင်ဆိုတာကို မေ့သွားလောက်အောင် (Suspension of Disbelief ဖြစ်အောင်) အရာရာဟာ ပီပြင်နေရမှာ ဖြစ်တယ်။ အဲဒီကနေမှတစ်ဆင့် ပရိသတ်ရဲ့ ပါဝင်ပတ်သက်မှု (Audience Participation) ငိုစေ၊ ရယ်စေ၊ ဒေါသထွက်စေ၊ ကြေကွဲဝမ်းနည်းစေ စတဲ့ ခံစားချက်တွေ ဖြစ်ပေါ်စေရင် ဒါဟာ အောင်မြင်တယ်လို့ ပြောရမယ်။ အဲဒီလိုပြောလို့ "အတည်သရဲကားကို အရမ်းရယ်ရလို့ သွားကြည့်တာ" တို့၊ "အတည် ဒရာမာကို ခွီဖို့ သွားကြည့်တာ"



mgyoe.com

mgyoe.com

တို့ကတော့ အောင်မြင်တာ မဟုတ်ပါဘူး။ ကျရှုံးတာပါ။ တချို့ Producer နဲ့ Director တွေကတော့ အဲဒါကို 'ပေါက်တယ်' လို့ ယူဆကြလေရဲ့။ ထားပါ။ ဒါကတော့ သူ့အရပ်နဲ့ သူ့ဇာတ်ပေါ့။

Suspension of Disbelief နဲ့ Audience Participation ရဖို့ကို အကြမ်းအားဖြင့် Scene တိုင်းမှာ အချက် ၆ ချက် (6 Elements) နဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။

၁။ Acting (သရုပ်ဆောင်ချက်)
၂။ Camera Work (ကင်မရာအယူအဆ)
၃။ Production Design (ဆက်တင် အပြင်အဆင်)
၄။ Costume Design/Hair & Makeup (အဝတ်အစား၊ ဆံပင်နဲ့ မိတ်ကပ်)
၅။ Lighting (မီးအလင်းအမှောင်)
၆။ Sound and Editing (အသံ၊ ဂီတနှင့် တည်းဖြတ်)

ဒီ(၆)ချက်က Scene တိုင်းမှာ တွေ့ရတဲ့အလျောက် တစ်ခုခု လျော့သွားတာနဲ့ ဒါဟာ ရုပ်ရှင်ကားတစ်ကားသာ ဖြစ်ကြောင်း ပရိသတ်ကို အမှတ်ရစေပါတယ်။ တစ်ခုခု လျော့သွားဖို့လည်း သိပ်လွယ်ပါတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံတကာ ရုပ်ရှင်ကားတွေက တစ်စနဲ့တစ်စ ပိုကောင်းလာတာတစ်ကြောင်း၊ Internet ခေတ်မှာ မမြင်ဖူး၊ မတွေ့ဖူးတာ မရှိသလောက် နည်းသွားတာတွေကြောင့်လည်း ဖြစ်ပါတယ်။

အပေါ်က ပြောထားတဲ့ (၆) ချက်မှာမှ အဓိက ပြောချင်တာကတော့ နံပါတ် (၁) အချက်ဖြစ်တဲ့ သရုပ်ဆောင်ပိုင်းပါ။

ကမ္ဘာ့ထိပ်သီး သရုပ်ဆောင်ကြီးတွေရဲ့ အဓိက အောင်မြင်တဲ့ အကြောင်းရင်းကတော့ ကားတိုင်းလိုလိုမှာ သူတို့ တာဝန်ယူတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

ကာရိုက်တာကို ပီပီပြင်ပြင် ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်နိုင်လို့ပါ။ Believable ဖြစ်လို့ပေါ့။

ကာရိုက်တာပြင်ဆင်မှု (Character Preparation) မလုပ်ဘဲ ကြက်ကန်းတိုးပြီး ပီသွားတယ် ဆိုတာ မရှိပါဘူး။ ကြားဖူးကြမှာပါ။ ကမ္ဘာကျော် သရုပ်ဆောင်ကြီးတွေ ကာရိုက်တာအတွက် ဘယ်လိုအချိန်တွေယူ၊ ဘယ်လို ကြိုးစားခဲ့ပြီး ဘယ်လောက်ထိ ပီပြင်တာတို့ ဘာတို့တွေလေ။ သူတို့တွေ အကျယ်ချဲ့နေကြတာ မဟုတ်ပါဘူး။

အထက်တန်းကျောင်းတွေမှာ ကတည်းက Drama Class တွေယူ၊ တက္ကသိုလ်ရောက်တော့လည်း Drama Major ယူ၊ ကျောင်းပြီးတော့ Acting Workshop တွေ တက်ပြီး ပိုက်ဆံမရတဲ့ ကားတွေ အများကြီး ရိုက်ပြီး အတွေ့အကြုံတွေ အများကြီး ယူပြီးမှ အခုလို Believable ဖြစ်အောင် သရုပ်ဆောင်နိုင်လာတာပါ။ ကျွန်တော် ဆရာဝန်လုပ်ဖို့ ဝါသနာပါတယ်ဗျာ ဆိုပြီး ဘာကျောင်းမှ မတက်ဘဲနဲ့ ဆရာဝန် လုပ်လို့ မရသလို ကမ္ဘာပေါ်မှာ တန်းဝင် သရုပ်ဆောင် ဖြစ်ဖို့လည်း Training တွေ မဆင်းဘဲနဲ့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်


mgyoe.com

mgyoe.com SAMPLE BOOK

တို့ဆီမှာတော့ ဖြစ်နေတယ်။ ဒါပေမဲ့ သိရမှာက 'ဝါးလုံးခေါင်းထဲမှာ လသာနေတယ်' ဆိုတာကိုပါ။

အခု တော်တော်များများ ပရိသတ်တွေ သတိထားမိလာတာတွေ ရှိပါတယ်။ ပါးစပ်ကလည်း ထုတ်ပြောလာကြပါတယ်။ ကောင်းတဲ့ လက္ခဏာပါ။

သရုပ်ဆောင်တွေကလည်း ထပ်နေပြီတို့၊ ငိုလည်း ဒီပုံစံ၊ ရယ်လည်း ဒီပုံစံပဲတို့၊ လူတွေက အလွတ်တောင် ရနေကြပြီ။

အဲဒါ ဘာလို့လဲ ဆိုတော့...

၁။ Character Preparation မရှိလို့၊

၂။ Technique မသိလို့၊

၃။ Acting ကို အလွတ်ကျက်ထားလို့။

Character Preparation ဆိုတဲ့ ကာရိုက်တာ ပြင်ဆင်မှု မရှိတာကတော့ အချိန် မပေးကြလို့ပါ။ ဒါပေမဲ့ အချိန်ပေးနိုင်ခဲ့ရင်လည်း ဘယ်လို ပြင်ဆင်ရမှာလဲ ဆိုတာကို သိတဲ့၊ သင်ပေးနိုင်တဲ့ ဆရာ လိုပါတယ်။ Script Breakdown (ဇာတ်ညွှန်းကို ခွဲခြမ်းစိတ်ဖြာ) တဲ့ အချိန် လိုပါတယ်။ ဒါရိုက်တာနဲ့ အတူရော၊ ကိုယ်ပိုင်အချိန်မှာရော ကိုယ်တာဝန်ယူထားတဲ့ ကာရိုက်တာအကြောင်းကို တွေးနေဖို့ Research လုပ်နေဖို့ လိုတယ်။

Technique ဆိုတဲ့ 'နည်း' မသိတာလည်း အဲလိုပဲ။ စနစ်တကျ သင်ထားတာ မဟုတ်ဘဲ TV ဖန်သားပြင်ပေါ်က တခြားသရုပ်ဆောင်တွေဆီကနေ အတုခိုးကြရတဲ့အတွက် အပေါ်ယံလေးပဲ ရတဲ့အပြင် ကိုယ်ပိုင်ဟန်တွေ ထွက်မလာတော့ဘူး။ အဲဒီမှာမှ အတုယူတဲ့သူများပြီဆိုရင် သွားရော။ အဲဒါကိုမှ ပရိသတ်က ချောလို့ ချစ်စရာကောင်းလို့ဆိုပြီး လက်ခံလိုက်ရင်တော့ ပွဲသိမ်းပေါ့။


mgyoe.com

 SAMPLE BOOK

Acting အလွတ်ကျက်တာက တော့ အားလုံးလိုလို လုပ်တာကို တွေ့ရ တယ်။

ကိုယ် သရုပ်ဆောင်တာကို ပြန် ကြည့်ရင် 'ငါ ဘယ်လိုလုပ်ရင် ကြည့်ကောင်း တယ်ဟ' ဆိုပြီး မှတ်ထားတာမျိုး၊ ပြီးတော့ မှန်ကြည့်ပြီး လေ့ကျင့်တာမျိုးတွေ ရှိကြပါ လိမ့်မယ်။ အမှားဆုံး အကျင့်တွေပါ။

ကိုယ်လက်ခံလိုက်တဲ့ ကာရိုက်တာ တိုင်းကို အသေးစိတ် နက်နက်နဲနဲ လေ့လာ ပြင်ဆင်မယ်၊ ပြီးတော့ စိတ်ပိုင်းဆိုင်ရာကို လည်း ပြင်ဆင်ထားမယ်ဆိုရင် ရုပ်ရှင်စရိုက် တဲ့အချိန်မှာ သရုပ်ဆောင်စရာ မလိုတော့ ပါဘူး။ Acting is not acting မဟုတ်ပါလား။ သရုပ်ဆောင်ချက်တွေလည်း အလွတ်ကျက် သရုပ်ဆောင်မှုမျိုးတွေလည်း မဖြစ်တော့ဘူး။ ကိုယ်ကိုယ်တိုင် ကာရိုက်တာထဲမှာ တကယ် ဝင်သွားပြီ ဆိုရင် ကြည့်တဲ့ ပရိသတ်ကလည်း ကိုယ့်ကို ယုံကြည်သွားမှာပါ။

ဒါပေမယ့် ဒါမျိုးတွေ လုပ်တတ်ဖို့၊ လုပ်နိုင်ဖို့ဆိုတာ ကျောင်းတွေ၊ သင်တန်းတွေ တက်ရမှာ ဖြစ်ပါတယ်။

ဝမ်းနည်းစွာပဲ မြန်မာပြည်မှာတော့ International Acting ကို သင်ပေးနိုင်တဲ့



mgyoe.com

mgyoe.com

သရုပ်ဆောင်ကျောင်း မရှိသေးပါဘူး။ ၄၅ မိနစ်ပဲ ဝေးတဲ့ ဗန်ကောက်မှာတော့ ရှိတယ်။

တကယ်တော့ ကျွန်တော်တို့ သရုပ်ဆောင်တွေမှာ လုပ်နိုင်တဲ့ အစွမ်းတွေ ရှိကြပါတယ်။ Talent တွေ ရှိကြပါတယ်။ ခေါက်ရိုးကျိုးသွားတာက တစ်ကြောင်း၊ ငွေနောက် လိုက်နေတာက တစ်ကြောင်း၊ Johnny Depp တို့၊ Brad Pitt တို့ လုပ်သလို 'ပါးပါးလေး' လောက်ကတော့ ငါတို့လည်း လုပ်နိုင်တယ်လို့ ထင်နေတာက တစ်ကြောင်းနဲ့ လမ်းမှန်ပေါ်ကို ရောက်လာနိုင်ဖို့ကတော့ မလွယ်လောက်ပါဘူး။

ကျွန်တော့်အမြင်မှာ မြန်မာကားတွေ အဓိက အားနည်းနေတာ ဇာတ်ညွှန်းနဲ့ သရုပ်ဆောင်ပါ။ ရုပ်ရှင်မှာ အရေးကြီးဆုံးတွေ ဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင် တိုးတက်ရေးဆိုပြီး Drone တွေ ပျံ၊ Dolly တွေ ပြေး၊ CG work တွေ အတင်းထည့်လို့ ဘယ်မှ မရောက်ပါဘူး။

ကမ္ဘာပေါ်မှာ ဒါတွေက ရိုးလွန်းအားကြီးနေတဲ့အပြင် ဘယ်သူမှ အထင်မကြီးပါဘူး။ ထိုင်းတို့၊ Bollywood တို့ နှစ်ပေါင်းများစွာ လုပ်ခဲ့တဲ့အမှားကို လိုက်မလုပ်သင့်ဘူး။ ထိုင်းနဲ့ Bollywood ရုပ်ရှင်တွေဟာ အဆင့်အတန်း မြင့်တဲ့နည်းပညာတွေနဲ့ ရိုက်နေတာ ဆယ်စုနှစ်နှစ်ခုလောက် ရှိသွားပါပြီ။ ဒါပေမယ့် နိုင်ငံတကာအဆင့်ကို မရောက်သွားဘဲ ကိုယ့်နိုင်ငံအတွင်းမှာပဲ လုပ်စားလို့ ရကြတယ်။ တစ်ကားတလေလောက်ပဲ တစ်ခါတလေမှ နိုင်ငံတကာ အဆင့်ကို ရောက်ကြတယ်။ အခုတော့ Netflix တို့၊ Amazon Prime တို့လို Online Platform တွေပေါ်မှာ တွေ့လာရပါတယ်။ ဒါပေမယ့် အဲဒီလို တွေ့ရတိုင်း နိုင်ငံတကာ အဆင့်ကို ရောက်တာ မဟုတ်ပါဘူး။ ဘာလို့လဲ ဆိုတော့ သူတို့ကားတွေကို ကြည့်တဲ့သူတွေဟာ သူတို့လူမျိုးတွေ အများစုနဲ့ အိမ်နီးချင်း နိုင်ငံတချို့လောက်ပဲ ကြည့်ကြတာပါ။ ဒါဆိုရင် အရုပ်


mgyoe.com

အရည်အသွေးကော၊ အသံအရည်အသွေးကော မိပါလျက်နဲ့ ဘာလို့ ဒီလို ဖြစ်နေရတာလဲ။

ဇာတ်ညွှန်းနဲ့ သရုပ်ဆောင်ပါ။

အရေးကြီးဆုံး နှစ်ချက်လို့ ပြောလို့ ရပါတယ်။ တင်ဆက်ပုံ (Presentation) အရေးကြီးပါတယ်။ ဒါပေမယ့် တင်ဆက်ပုံ ဘယ်လောက်ကောင်းကောင်း Drama လို့ ခေါ်တဲ့ ဇာတ်ရဲ့ ဖွဲ့ပုံနွဲ့ပုံ မနိုင်ရင်လည်း ပြောင်မြောက်တဲ့ ရုပ်ရှင် ဖြစ်မလာနိုင်ပါဘူး။ Drama က ကောင်းပြီး သရုပ်ဆောင်တွေက Perform လုပ်တဲ့အချိန်မှ Beli-eveable ဖြစ်အောင် မလုပ်နိုင်ပြန်ရင်လည်း ဒေါ်လာမိလျံ ရာနဲ့ချီ အကုန်အကျခံပြီး ရိုက်လည်း ကောင်းလာဖို့ မလွယ်ပါဘူး။

ဆိုတော့ ကျွန်တော် အဓိက ပြောချင်တာကတော့ တကယ်သိဖို့၊ တတ်ဖို့ လိုအပ်တဲ့ ပညာတွေကို ပေးမယ့် Acting school တွေ၊ Acting workshop တွေ၊ Script Lab တွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ဘဲနဲ့ ကင်မရာတွေ၊ စက်ပစ္စည်းတွေနဲ့ နည်းပညာတွေကိုပဲ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်မယ်ဆိုရင် Packaging ကောင်းပြီး အထဲက ပါတဲ့ ပစ္စည်း (content) မကောင်းတဲ့ ကုန်ပစ္စည်းတွေပဲ ထွက်လာဖို့ ရှိပါတယ်။


၂၂-၁၀-၂၀၁၇

❖



mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## Universal appeal နှင့် International ကို မီအောင်လိုက်ခြင်း

International (ခေါ်) နိုင်ငံတကာ ဆိုတဲ့ စာလုံးက အခုခေတ် မြန်မာပြည်မှာ တော်တော် ရေပန်းစားနေပါတယ်။ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ဖို့အတွက် လိုအပ်လာပြီ ဆိုတဲ့ အသိတစ်ခု ဝင်လာတဲ့ သဘောမှာ ရှိတယ်။ နိုင်ငံတကာ ဖြစ်ဖို့အတွက် နည်းမျိုးစုံနဲ့လည်း ကြိုးစားနေကြတာ တွေ့ရပါတယ်။

စိတ်ရှိတာ ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ လောကကို စိတ်က ဦးဆောင်လို့ပါ။ ဒါပေမယ့် စိတ်ကို ပညာက ဦးဆောင်ရမယ်။ ပညာကို မေတ္တာက ဦးဆောင်ရမယ်။ ဒါမှ မှန်ကန်တဲ့ လမ်းကြောင်းပေါ်ကို ရောက်မယ်လို့ မြင်ပါတယ်။



mgyoe.com

 mgyoe.com SAMPLE BOOK 

ကျွန်တော်တို့လည်း ရုပ်ရှင်နဲ့ နိုင်ငံတကာ ဝင်ဆံ့ဖို့ကို ကြိုးစားနေတာ ကြာပါပြီ။ ကြိုးစားနေဆဲပါ။ အမျိုးမျိုးလည်း စဉ်းစားကြံဆဖြစ်တယ်။ International ဖြစ်ဖို့အတွက် ဆိုရင် ကိုယ့်ရဲ့ရုပ်ရှင်သော် လည်းကောင်း၊ သီချင်းသော် လည်းကောင်း၊ ကဗျာသော် လည်းကောင်း၊ ပန်းချီသော် လည်းကောင်း အစရှိတဲ့ အနုပညာဖော်ဆောင်မှုဟာ "universal appeal" လို့ ခေါ်တဲ့ လူသားအားလုံး ချိတ်ဆက်ခံစားလို့ ရနိုင်တဲ့ အရည်အသွေးတွေ ရှိနေရမယ်။ အဲဒီမှာ တိုင် စ,ပတ်တော့တာပဲ။ 'အားလုံးခံစားလို့ ရနိုင်ရမယ်' (ကြိုက်ရမယ် မပြောဘူးနော်)။

အားလုံးကြိုက်ဖို့ ဆိုတာကတော့ တစ်သက်လုံး မဖြစ်နိုင်တဲ့ အရာပါ။ နားလည် ခံစားနိုင်ရမယ်။ ဘာသာစကား၊ ယဉ်ကျေးမှုထုံးတမ်း စဉ်လာ မတူတဲ့ သူတွေပါ နားလည်ခံစားနိုင်ဖို့ ဆိုတာ မလွယ်ပါဘူး။

တစ်ရက်မှာ ဆရာကြီးဦးဝင်းဖေရဲ့ စာအုပ် လက်မှတ်ထိုးပွဲကို သွားဖြစ်တယ်။ ပွဲပြီးတော့ ဦးကြီးကို ထုံးစံအတိုင်း စကားနည်းနည်း သွားပြောဖြစ်တယ်။ ဟိုမေး ဒီမေး၊ ပြီးရင် ဘာပြောမလဲ နားထောင်ပေါ့။ Brain-picking (ဦးနှောက်ဖောက်စား) သွားလုပ်တယ် ဆိုပါတော့။ အဲဒီမှာ ဦးကြီးက ကောက်ကာငင်ကာကြီး အဆက်စပ် မရှိဘဲနဲ့ universal appeal ကိစ္စကို ပြောတယ်။

'ဟေ့ရောင်... universal ဖြစ်ဖို့ဆိုပြီး ဘယ်သူက ဘာတွေ ကြိုက်လောက်လဲ၊ မကြိုက်လောက်လဲ လျှောက်မရှာနေနဲ့။ ကိုယ်တကယ်သိတဲ့၊ ခံစားလို့ရတဲ့ ဟာတွေကိုပဲ အကောင်းဆုံး ဖြစ်အောင် တင်ပြရင် universal ဖြစ်လိမ့်မယ်' တဲ့။

အသိတရားတစ်ခု လျှပ်စီးတစ်ခုလို ဖျတ်ခနဲ ကျွန်တော့် ဦးနှောက်ထဲကို ဝင်သွားတယ်။ ဦးကြီးကို ဒုတိယအကြိမ် ကျေးဇူး အကြီးကြီး တင်မိတယ်။ ပထမအကြိမ်က New York စာပေ


mgyoe.com

mgyoe.com SAMPLE BOOK

ဟောပြောပွဲမှာတုန်းက 'အနုပညာ' ဆိုတဲ့ အရာကို အဓိပ္ပာယ် ဖွင့်ပြသွားတုန်းကပေါ့။ အဲဒီတုန်းကလည်း ကိုယ့်ဟာကိုယ် သော့ခတ်ထားမိတဲ့ လှောင်အိမ်ထဲကနေ လွတ်မြောက်သွားခဲ့တယ်။

ဟုတ်တယ်...။ အနုပညာဆိုတာ ညာလို့ မရဘူး။ ကိုယ် သေချာမသိတဲ့ အရာ၊ ခံစားလို့ မရတဲ့ အရာကို ဘယ်လောက်ပဲ ပိုက်ဆံတွေသုံး၊ အချိန်တွေ အကုန်ကျခံပြီး လုပ်လုပ် အနုပညာ မမြောက်နိုင်ဘူး။ Pretentious ဖြစ်တဲ့ ဟန်ဆောင်အနုပညာ မျိုးပဲရမှာ။ Hollywood ကားလိုလို၊ Korea ကားလိုလို၊ Bollywood ကားလိုလို အတုခိုးတာတွေကလည်း ကိုယ့်နိုင်ငံအတွင်းမှာ တချို့သော ပရိသတ်တွေအတွက် အဆင်ပြေနိုင်ပေမဲ့ တကယ် နိုင်ငံတကာကို ထွက်ပြပြီဆိုရင် ဘယ်လိုမှ တိုးနိုင်မှာ မဟုတ်ပါဘူး။

ထို့နည်းတူပဲ Art filmmaker ဆိုပြီး ရင်ထဲမှာ နင့်နေအောင် မခံစားရဘဲနဲ့ style တစ်ခုနောက် လိုက်မယ်ဆိုရင်လည်း presentation ဆန်းပြီး ဘာမှ အနှစ်အရသာ မရှိတဲ့ ဟင်းတွေချက်တဲ့ စားဖိုမှူးလို ဖြစ်သွားပါမယ်။

နိုင်ငံတကာ ဖြစ်ဖို့ ဆိုပြီး နိုင်ငံခြား မင်းသား မင်းသမီးတွေ သုံးလို့လည်း မရနိုင်


mgyoe.com

mgyoe.com
SAMPLE BOOK


ဘူး။ ဘာလို့လဲဆိုတော့ တွေးကြည့်ပါ။ Hollywood တို့၊ Bollywood တို့၊ Korean film တို့ အကုန်လုံးဟာ ကိုယ့်မှာရှိတဲ့ အကြောင်းအရာတွေကိုပဲ အကောင်းဆုံး ဖြစ်အောင် တင်ဆက်ပြသနေကြတာပါ။ သူတို့ဆီမှာ တကယ်ရှိတဲ့၊ သူတို့ကိုယ်တိုင်လည်း တကယ်သိတဲ့ အရာတွေကို ဖော်ထုတ်ကြတာ ဖြစ်တဲ့အတွက် တခြားလူမျိုးတွေ ကြည့်တဲ့အခါမှာလည်း အဆန်းအပြားလည်း ဖြစ်သလို တကယ် ယုံကြည်ခံစားလို့ ရတယ်။

တစ်ခေါက်က ရုပ်ရှင်ပွဲတော်တစ်ခုကို သွားခဲ့တယ်။ ဆုပေးတဲ့ အချိန်မှာ short film တစ်ကားအတွက် ဆုချီးမြှင့်ခံရတဲ့ ဒါရိုက်တာက ဆုတက်ယူတော့ presenter က မေးပါတယ်။ 'ဘယ်လိုစိတ်ကူးမျိုးနဲ့ ဖန်တီးလိုက်တာလဲ။ ဘာကို အဓိကပြောချင်တာလဲ' ပေါ့။ ဒါရိုက်တာက ဘာပြန်ဖြေလဲဆိုတော့ 'ဘာရည်ရွယ်ချက်မှ မရှိပါဘူး' တဲ့။

သူပြောတာ မှန်တယ်။ ကျွန်တော် ဘာမှ မခံစားရဘူး။ ဆုပေးတဲ့သူတွေ ဘာကြောင့် ပေးသလဲ ဆိုတာကိုလည်း နားမလည်ဘူး။ ကျွန်တော် ထင်တာကတော့ ဆုပေးတဲ့ festival ရဲ့ ကြိုက်တဲ့ style တစ်ခုတည်း ဝင်သွားပုံရပါတယ်။



ဒီနေရာမှာ ကျွန်တော် ပြောချင်တာ ဘာလဲဆိုတော့ ဖန်တီးသူဟာ message ဆိုတဲ့ဟာကြီးကို ပေးဖို့ မလိုပေမယ့် ခံစားချက်တစ်ခုခု သို့မဟုတ် ခံစားချက်တွေကို ရည်ရွယ်ချက်ရှိရှိနဲ့ လွှဲပေးဖို့ transmit လုပ်ဖို့အတွက်တော့ တာဝန်ရှိတယ်လို့ ယူဆတယ်။

mgyoe.com

mgyoe.com

SAMPLE BOOK



အဓိကကတော့ universal ဖြစ်ဖို့ဆိုရင် အရင်ဆုံး တင်ဆက်သူ ကိုယ်တိုင်က ကိုယ်တင်ဆက်မယ့် အကြောင်းအရာပေါ်မှာ ပြင်းပြင်းထန်ထန် နက်နက်နဲနဲ ခံစားနိုင်ဖို့ လိုတယ်။

လောကမှာ ကိုယ် အသိဆုံးလူဟာ ကိုယ်ပဲ ဖြစ်နေတဲ့အတွက် ကိုယ်ကိုယ်တိုင် သိထားတဲ့ အရာ၊ ခံစားနိုင်တဲ့ အရာတွေဟာပဲ အရိုးသားဆုံး ဖြစ်လိမ့်မယ်။ လူ့ခံစားချက်ကို ဗဟိုပြုမှုလည်းပဲ လူသားဆန်မှာ ဖြစ်သလို တခြားလူတွေလည်း ခံစားလို့ ရမှာပါ။ ခံစားနိုင်ပြီဆိုရင် ပြတ်ပြတ်သားသား ဖော်ပြရဲရမယ်။ ဒါပေမယ့် တစ်ခု ရှိတာကတော့ ဖော်ဆောင်နိုင်တဲ့ပညာ ရှိဖို့တော့လိုအပ်ပါတယ်။ Taste ကောင်းဖို့လိုမယ်။ ပြီးတော့ တင်ဆက်ပြသတဲ့ technique တွေ ကောင်းကောင်းသိဖို့ လိုမယ်။ အဲဒီပညာကတော့ ဘယ်လောက်ဖြည့်ဖြည့် မပြည့်နိုင်တဲ့အပြင် ခေတ်နဲ့ အလိုက် ပြောင်းနေတဲ့အတွက် အမြဲ ရှာဖွေ စုဆောင်းနေဖို့ လိုအပ်တယ်။

နိုင်ငံတကာမှာ ဘယ်အဆင့်တွေ ရောက်နေကြပြီ ဆိုတာကိုလည်း မျက်ခြေမပြတ်ဖို့ လိုသလို မြင်တတ်ဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံတကာရုပ်ရှင်တွေဟာ တန့်မနေပါဘူး။ တော်တော်မြန်တဲ့နှုန်းနဲ့ အရှေ့ကို ဆက်သွားနေကြပါတယ်။ ကိုယ်က အမီလိုက်နိုင်ဖို့ ဆိုရင် ကိုယ်သိတဲ့ အကြောင်းအရာတွေ၊ ကိုယ့်ရင်ထဲမှာ နှစ်နှစ်ကာကာ ခံစားလို့ ရတဲ့အရာတွေ၊ ကိုယ်တွေဆီမှာပဲ ရှိတဲ့ ကိစ္စတွေကို အဆင့်မြင့်မြင့် တင်ဆက်နိုင်မှပဲ international ကို မီနိုင်ပါလိမ့်မယ်။

❖


mgyoe.com